# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့သို့ မေးမြန်းသည့် မေးခွန်းနှင့်အဖြေများ

မေး(၁)။ ငွေကြေးကျပ်တည်းမှုကို အခွင့်ကောင်းယူကာ ငွေကြေးချမ်းသာတဲ့ စစ်ဗိုလ်ချုပ်ဟောင်းများ အပါအဝင် ၎င်းတို့နှင့်နီးစပ်သည့် စစ်တပ်အသိုင်းအဝိုင်းက ကျပ်ငွေသား လက်ဝယ်လိုချင်သူများကို အမြတ်တင် ရောင်းချနေတယ်ဆိုပြီး Irrawaddy သတင်းဌာနက ဖော်ပြထားတာတွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး အဖြစ်မှန် သိချင်ပါတယ် ခင်ဗျာ။

ဖြေ။(၁) လက်ရှိနိုင်ငံမှာ Banking System ကြောင့် ပြည်သူများ ငွေကြေးကျပ်တည်းမှု ဖြစ်ပေါ်နေတယ်ဆိုပြီး မသမာသူ ဘူဇွာလူတန်းစားက ဘဏ်အကောင့်အချင်းချင်း ငွေကြေးလွှဲပေးပြီး ရာခိုင်နှုန်းဖြတ်၍ ငွေသားပေးချေမှုများ ပေါ်ပေါက်လျက်ရှိတယ်လို့ သတင်းများ ထွက်ပေါ်လျက်ရှိသည့်အတွက် အဖွဲ့ဖွဲ့၍ စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ မေလ ၃၁ ရက်နေ့က တရားမဝင် ငွေလွှဲ/ငွေထုတ် အိမ်တိုင်ရာရောက် ဝန်ဆောင်ခ လျှော့နည်းနှုန်းများယူ၍ ငွေသားပေးဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သူ ချီချီလှိုင်(၂၉)နှစ် (ဘ) ဦးသိန်းဝင်းအား ဥပဒေနှင့်အညီအရေးယူနိုင်ရေး အမှုဖွင့်လှစ် ဆောင်ရွက်ထားရှိပြီး ကျန်ရှိသော တရားမဝင် ငွေလွှဲ/ ငွေထုတ်ဆောင် ရွက်သူများအားလည်း ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေး(၂)။ ယခင် NLD သက်တမ်းအတွင်း ဖမ်းမိထားတဲ့သစ်တွေကို မြန်မာ့သစ်လုပ်ငန်းက သစ်လေလံပွဲပြုလုပ်ပြီး ရောင်းချမယ်လို့ Irrawaddy က ရေးထားတာ တွေ့ပါတယ်။ ဒီလို




လုပ်ငန်းစဉ်တွေက အရင်ကရောင်းချမှုရှိပါသလား၊ ဘယ်လိုရောင်းချမှာလဲ ဖြေကြားပေးပါ။

ဖြေ(၂)။ မြန်မာ့သစ်လုပ်ငန်းက တရားဝင် သစ်ထုတ်ခွင့်ပြုထားတဲ့ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းဖြစ်တဲ့အားလျော်စွာ ဌာနမှ ထုတ်လုပ်ရရှိသစ်များနဲ့ ဖမ်းဆီးရမိသစ်များကို ပြည်တွင်းရှိ ပုဂ္ဂလိကပိုင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေဖို့ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ (ရိုးချုပ်) အိတ်ဖွင့်တင်ဒါ/ဒေသ အိတ်ဖွင့်လေလံစနစ်များဖြင့် ပွင့်လင်းမြင်သာစွာ တရားဝင်ဖြန့်ဖြူးရောင်းချလျက် ရှိပါတယ်။ သစ်နဲ့ပတ်သက်တဲ့ (MSME)လုပ်ငန်းများ ကုန်ကြမ်းအဆင်ပြေချောမွေ့စွာ ရရှိစေရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သီးသန့်ဒေသ




အိတ်ဖွင့်လေလံစနစ်နဲ့ ပွင့်လင်းမြင်သာစွာ ဖြန့်ဖြူးရောင်းချလျက်ရှိပါတယ်။

သစ်လုံး/ခွဲသား အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မယ့် အစီအစဉ်ကို မြန်မာ့သစ်လုပ်ငန်း Web-Site ဖြစ်တဲ့ (www.mte.com.mm) နဲ့ နိုင်ငံပိုင် ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာတို့မှာ (၃)ပတ်ကြိုတင်ကြေညာခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့ တင်ဒါဆောင်ရွက်မယ့် အစီအစဉ်နဲ့ ကြော်ငြာအား အကြောင်းကြားခြင်းဖြင့် ကျယ်ကျယ်ပြန့်ပြန့် သတင်းထုတ်ပြန် ဆောင်ရွက်လျက်ရှိပါတယ်။

မေး(၃)။ မနေ့က ဇွန် ၂ ရက်နေ့ ည ၉ နာရီကျော်မှာ ကျောက်ဆည်မြို့ ထားဝယ်လမ်းရှိ ပြည်ပန်းစစ်ဆေးရေးဂိတ်အား ကျောက်ဆည် ပြောက်ကျားတပ်ဖွဲ့က လက်လုပ်မိုင်းနဲ့ ပစ်ခတ်ခဲ့လို့ စစ်သည် ၃ ဦး ကျဆုံးပြီး ၂ ဦး ဒဏ်ရာရရှိတယ်လို့




Bago Watch News agency ကနေ သတင်းမျှဝေထားတာ ဖတ်ရပါတယ်။ ဒီသတင်း မှန်/ မမှန်လေး သိပါရစေခင်ဗျာ။

ဖြေ(၃)။ မနေ့က ကျောက်ဆည်မြို့က စစ်ဆေးရေးဂိတ်ကို လက်လုပ်မိုင်းနဲ့ လာပစ်တာမှန်ပါတယ်။ ဒါပေမယ့် အသံမိုင်းပါ။ ထိခိုက်ဒဏ်ရာရရှိမှုတစ်စုံတစ်ရာ မရှိပါဘူး။ လာပစ်တဲ့ အကြမ်းဖက်သမားတွေကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပါတယ်။ စစ်သည်တွေ ကျဆုံးတယ်၊ ဒဏ်ရာရတယ် ဆိုတာကတော့ သတင်းအမှားပါ။